# THAILAND

1 – 17 August 2018

## MEDIA MONITORING REPORT # 188

## တရားဥပဒေနှင့် အုပ်ချုပ်မှု

**မမှားသည့်အစိုးရမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား**

Mizzima, 10 August 2018

မမှားတဲ့အစိုးရဆိုတာ တစ်ခါမှမရှိကြောင်း၊ အရေးကြီးဆုံးအရာမှာ အမှားကို ပြင်နိုင်ရန်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံက ပြောကြားခဲ့သည်။



နိုင်ငံတော်အတိုင်ပင်ခံသည် မကွေးတိုင်း ပခုက္ကူမြို့နယ် ချောက်ကန်ရွာ ကျေးရွာတွင် ဒေသတွင်းပြည်သူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပခဲ့သည်။

ပြည်သူတွေ ရွေးချယ်တင်မြှောက်လို့ တက်လာတဲ့အစိုးရဆိုတာ ပြည်သူပြည်သားတွေကို တာဝန်ခံရပါတယ်။ ပြည်သူပြည်သားတွေရဲ့ဘဝတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရပါတယ်။ ဘယ်အစိုးရမှ ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ပါဘူး။ မမှားတဲ့အစိုးရဆိုတာလည်း တစ်ခါမှ မရှိပါဘူး။ မမှားတဲ့ရှေ့နေဆိုပေမယ့် ရှေ့နေတွေထက်ကို ပိုပြီးတော့ မှားနိုင်တာက အစိုးတွေပါပဲ။ အမှားရှိရင်လည်း အရေးကြီးတာက ပြင်နိုင်ဖို့ပါပဲ။

ကျွန်မဘယ်နေရာပဲသွားသွား ပြည်သူပြည်သားတွေကို ပေးရတယ်၊ ဝန်ကြီးချုပ်လိမ္မာရဲ့လား။ ကျွန်မတို့ မကွေးတိုင်း ဝန်ကြီးချုပ်ကတော့ လိမ္မာပုံတော့ရပါတယ်။ ဒါပေမယ့်လည်း ပြည်သူတွေကတော့ ပိုသိမှာပါ။ ဒီတော့၍ ကျွန်မတို့အစိုးရဟာ ပြည်သူပြည်သားတွေကို တာဝန်ခံတဲ့အစိုးရပါ။

ကရင်ပြည်နယ်၊ မန္တလေးနှင့်ရန်ကုန်တိုင်းတို့တွင်နည်း အလားတူငြိမ်းချမ်းရေးစကားဝိုင်းများပြုလုပ်ရန် စီစဉ်နေသည်။

Link: https://www.bnionline.net/en/news/there-no-government-does-not-make-mistakes-state-counsellor

## မြေနှင့် ပစ္စည်းဥစ္စာ

**အသုံးမပြုသည့် မြေဧက ၃၀၀၀ ကျော်ကို လယ်သမားများထံ ပြန်လည်ပေးအပ်**

Myanmar Times, 8 August 2018

တံတားဦးမြို့နယ်တွင် မန္တလေးနိုင်ငံတကာလေဆိပ်ဆောက်လုပ်ရန် သိမ်းယူထားသည့် မြေဧက ၃၀၀၀ ကျော်ကို မူလပိုင်ရှင်လယ်သမားများထံ ပြန်လည်ပေးအပ်လိုက်ကြောင်း သိရှိရသည်။

တံတားဦးမြို့နယ်တွင် လွန်ခဲ့သော ရက်သတ္တပတ်က ပြုလုပ်ခဲ့သည့် အခမ်းအနားအတွင်း ဒုတိယသမ္မတဦးဟင်နရီဗန်ထီးသိုက မူလပိုင်ရှင် လယ်သမားများအား ယာယီမြေအသုံးချခွင့်လက်မှတ်နှင့် ပုံစံ- ၃ ကို ပေးအပ်ခဲ့သည်။

တောင်သူလယ်သမားများထံမှ လေကြောင်းပို့ဆောင်ရေးက သိမ်းယူထားသည် စုစုပေါင်းမြေဧက ၃၀၁၉.၄၄ဧကကို လယ်သမား ၁၀၈၇ ဦးထံပြန်လည်ပေးအပ်ခဲ့သည်။

လယ်သမားများ၏ စုစုပေါင်းဧက ၂၈၅၇၆ ဧကကို လေဆိပ်စီမံကိန်းအတွက် ၂၀၁၃ ခုနှစ်တွင် သိမ်းယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဧက ၉၀၀၀ ကျော်ကို အစိုးရမှ အသုံးမပြုသည့်မြေအဖြစ် ၂၀၁၄ ခုနှစ်တွင် ပြန်လည်ပေးအပ်ခဲ့သည်။ လယ်ယာမြေစီစစ်ရေးအဖွဲ့ကို ပြည်နယ်၊ မြို့နယ်၊ခရိုင်အလိုက်ဖွဲ့စည်းခဲ့သည်။ အဖွဲ့မှ မြေ၏ ပိုင်ရှင်အစစ်အမှန်ကို ဆုံးဖြတ်ပေးခဲ့ပြီး မြေပြန်လည်လွှဲပြောင်းရာအချိန်ယူရသဖြင့် ကြန့်ကြာမှုများရှိသည်ကို လူထုမှ သဘောပေါက်နားလည်းပေးရန်လိုအပ်သည်ဟု မန္တလေးတိုင်းဝန်ကြီးချုပ်ဦးဇော်မြင့်မောင်က ပြောကြားခဲ့သည်။

Link: https://www.mmtimes.com/news/more-3000-acres-unused-land-returned-farmers.html

## စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု

### မလေးရှားကုမ္ပဏီများမှ မြန်မာအလုပ်သမားများကို ပွဲစားခမယူဘဲ တိုက်ရိုက်ငှားရမ်း

Myanmar Times, 1 August 201

မလေးရှားမှစက်ရုံများသည် အလုပ်သမားပြတ်လပ်မှုကြောင့် မြန်မာအလုပ်သမားများကို ပွဲစားခမပေးစေဘဲ တိုက်ရိုက်ငှားရမ်းနေပြီဖြစ်ကြောင်း မြန်မာပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ အသင်းချုပ်က ပြောကြားခဲ့သည်။

မလေးရှားမှအလုပ်ရှင်များသည် မြန်မာအလုပ်သမားများအား ခေါ်ယူခ အခမဲ့ဖြင့် တိုက်ရိုက်ငှားရမ်းနေပြီဖြစ်ပြီး မလေးကျွန်းဆွယ်တွင် အလုပ်သမားတိုးလာရန် ဦးဆောင်နေကြောင်း အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးကျော်ဇောက Myanmar Times သို့ အင်္ဂါနေ့တွင် ပြောခဲ့သည်။

နီပေါမှ မလေးရှားသို့ အလုပ်သမားစေလွှတ်ခြင်းကို တားမြစ်ထားပြီး မလေးရှားမှ ဘင်္ဂလားဒေ့ရှ်အလုပ်သမားများကို တားမြစ်ထားသောကြောင့် ရာနှင့်ချီသောမြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ စေလွှတ်နိုင်ရန်မျှော်မှန်းထားကြောင်း အသင်းချုပ်၏ အဖွဲ့ဝင်များက ဆိုသည်။ သို့သော်လည်း မြန်မာ့ရွှေ့ပြောင်းအရေးလှုပ်ရှားသူများနှင့် မလေးရှားရှိ အလုပ်သမားများက မြန်မာအလုပ်သမားများအား မလေးရှားသို့ မလာရောက်ကြရန် သတိပေးကြသည်၊ အဘယ်ကြောင့်ဆိုသော် အလုပ်ခွင်တွင် ဘေးကင်းမှုအခြေအနေမရှိခြင်း၊ လုပ်ခနည်းခြင်းနှင့် အစိုးရမှ တရားမဝင်လာရောက်နိုင်ငံခြားသားအလုပ်သမားများကို ဖြိုခွဲနေသောကြောင့်ဖြစ်သည်။ ၎င်းတို့အား အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြရန် အကြံပေးခဲ့ကြသည်။

Link: https://www.mmtimes.com/news/malaysian-companies-hire-myanmar-workers-directly-without-broker-fees.html

### နယ်ခြားစောင့်တပ်၏ ဇိမ်ခံအိမ်ယာစီမံကိန်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြု

Frontier Myanmar, 1 August 2018




ကရင်ပြည်နယ်၊ မြဝတီမြို့နယ်မှာ နယ်ခြားစောင့်တပ်နဲ့ တရုတ်တို့ ပူးပေါင်း တည်ဆောက်မယ့် အမေရိကန်ဒေါ်လာဘီလျံနဲ့ချီ တန်ဖိုးရှိတဲ့ မြို့တိုးချဲ့ရေး စီမံကိန်း ပထမအဆင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က အတည်ပြုလိုက်ပါတယ်။

ကရင်နယ်ခြားစောင့်တပ်က ဖွဲ့စည်းထားတဲ့ Myanmar Yatai International Holding Group နဲ့ တရုတ်နိုင်ငံက Jilin Yatai Group တို့ဟာ စီမံကိန်းအတွက် ဒေါ်လာ ၂၂ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံမှာ ဖြစ်တယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမဏီများ ညွှန်ကြားမှုဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြို့တိုးချဲ့ရေး စီမံကိန်းရဲ့ ပထမအဆင့်အဖြစ် သောင်ရင်း

မြစ်ကမ်းဘေး၊ ကုက္ကိုလ်မြိုင်ဒေသက မြေ ၂၅ ဒသမ ၅ ဧကပေါ်မှာ အဆင့်မြင့်အိမ်ယာတွေကို ကုမ္ပဏီက တည်ဆောက်မှာဖြစ်တယ်လို့ ဌာနရဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါ်မြစန္ဒာက ပြောပါတယ်။ စီမံကိန်းကို ဇူလိုင် ၂၆ ရက်နေ့က အတည်ပြုလိုက်တာပါ။

Myanmar Yatai ရဲ့ ရှယ်ယာ ၂၀ ရာခိုင်နှုန်းကို နယ်ခြားစောင့်တပ်က ပိုင်ဆိုင်မှာဖြစ်ပြီး ကျန်တာကိုတော့ Jilin Yatai က ပိုင်ဆိုင်တယ်လို့ ကော်မရှင်ရဲ့ စာရင်းတွေအရ သိရပါတယ်။

စီမံကိန်းတစ်ခုလုံးဟာ နယ်စပ်တစ်လျှောက်မှာရှိတဲ့ ဧက ၂,၀၀၀ ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်သွားမှာ ဖြစ်တယ်ဆိုတဲ့ အစောပိုင်းက ထွက်ပေါ်နေတဲ့သတင်းကို နယ်ခြားစောင့်တပ် တာဝန်ရှိသူနဲ့ Myanmar Yatai ရဲ့ ဒါရိုက်တာဖြစ်သူ စောမင်းမင်းက အတည်ပြုပါတယ်။ စီမံကိန်းမှာ ဟိုတယ်တစ်လုံး၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဈေးဝယ်စင်တာ၊ ပန်းခြံ၊ လူနေအိမ်တွေနဲ့ ဂေါက်ကွင်းတို့ ပါဝင်မှာဖြစ်ပြီး အာရှအဝေးပြေး လမ်းမကြီးနဲ့ ချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။

"စီမံကိန်းတစ်ခုလုံးကို ကျွန်တော်တို့ ဆောင်ရွက်ချင်ပေမယ့် ပြည်နယ်အစိုးရက ခွင့်မပြုပါဘူး။ အဲဒါကြောင့် ပထမအဆင့်ကို အရင်စတင်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပါတယ်" လို့ စောမင်းမင်းက ပြောပါတယ်။

ပထမအဆင့်ကို သုံးနှစ်အတွင်း အပြီးတည်ဆောက်ဖို့ Myanmar Yatai က မျှော်လင့်ထားပါတယ်။ ဒ့ါအပြင် ဒုတိယအဆင့်အတွက် ခွင့်ပြုချက် မြန်မြန်ရရှိဖို့လည်း မျှော်လင့်နေပါတယ်။ စီမံကိန်းပထမအဆင့်ကို တရုတ်အင်ဂျင်နီယာတွေက တည်ဆောက်မှာဖြစ်တယ်လို့ သူက ပြောပါတယ်။

"မြို့တော်တိုးချဲ့ရေး" စီမံကိန်းရဲ့ နောက်ထပ်အဆင့်တွေနဲ့ ပတ်သက်လို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှာ သတင်းအချက်အလက်တွေ မရှိဘူးလို့ ဒေါ်မြစန္ဒာက ပြောပါတယ်ဒါပေမယ့် တရုတ်နဲ့ ပူးပေါင်းလုပ်ကိုင်နေတယ်ဆိုတာတော့ မသိဘူးလို့ သူမက ပြောပါတယ်။ "ကျွန်မတို့ စာရွက်စာတမ်းတွေအရ ကမ္ဘောဒီးယား စီးပွားရေးသမားတစ်ဦးက ၆၇ ဒသမ ၆၈ ရာခိုင်နှုန်းနဲ့ မလေးရှား စီးပွားရေးသမားနှစ်ယောက်က ၁၂ ဒသမ ၃၂ ရာခိုင်နှုန်းစီ အသီးသီး ပိုင်ဆိုင်ကြပါတယ်" လို့ ဒေါ်မြစန္ဒာက ပြောပါတယ်။

Link: https://frontiermyanmar.net/en/mic-approves-border-guard-force-backed-luxury-villas-project

## အစိုးရမှ တိုင်းရင်းသားဘာသာပြဆရာ/ မများအား အမြဲတမ်းခန့်အဖြစ် တိုးမြှင့်ခန့်ထားမည်

Myanmar Times, 2 August 2018

ပညာရေးဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ တိုင်းရင်းသားဘာသာပြ သင်ကြားရေးလက်ထောက်ဆရာ/ မအား ၎င်းတို့မှ ဘွဲ့ရပြီးပါက အမြဲတမ်းခန့်အဖြစ်သို့ တိုးမြှင်းပေးရန် စီစဉ်နေသည်ဟု တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဌာန၏ အဆိုရ သိရှိရသည်။

သင်ကြားရေးလက်ထောက်များကို သင်ကြားရေးလုပ်ငန်းစဉ်များနှင့်တိုးတက်လာစေရန်၊ အခြေခံပညာရေးအတွက်ထိ ရောက်မှုရှိစေရန်နှင့် တိုင်းရင်းသားဒေသများတွင် ကျောင်းထွက်နှုန်းရပ်တန့်စေရန်အတွက် အခြေခံပညာရေးဌာနက ငှားရမ်းခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ကြီးဌာနသည် တိုင်းရင်းသားဘာသပြသင်ကြားရေးလက်ထောက် ၅၂၀၀ဦး နီးပါးကို အချိန်ပိုင်းစေတနာ့ဝန်ထမ်းအဖြစ် ငှားရမ်းခဲ့ပြီး တစ်လလျှင် ကျပ် ၃၀၀၀၀ ပေးခဲ့သည်။

"ပညာရေးဝန်ကြီးဌာနက သင်တန်းပြီးတဲ့နောက် ဘွဲ့ရတဲ့သူတွေကို အမြဲတမ်းခန့်ဆရာများအဖြစ် တိုးမြှင့်ပေးခဲ့ပါတယ်" ဟု တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးဝင်းနိုင်ကပြောခဲ့သည်။ ဒေသကြီးလွှတ်တော်၏အတည်ပြုမှုဖြင့် ဝန်ကြီးဌာနသည် တိုင်းရင်းသားဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံပညာရေးစာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေကို ၂၀၁၃ ခုနှစ်တွင် စတင်သင်ကြားပေးခဲ့သည်။

Link: https://www.mmtimes.com/news/govt-promote-ethnic-language-teaching-assistants.html

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရခိုင်လယ်သမား ရှစ်သောင်းကျော်ကို ကျပ်ဘီလီယံ ၆၀ ကျော်ထုတ်ချေးထားပြီဟုဆို

Narinjara, 2 August 2018

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ရခိုင်ပြည်နယ်မှ လယ်သမားများ ရှစ်သောင်းကျော်ကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ဘဏ်ချေးငွေ ကျပ်ဘီလီယံ ၆၀ ကျော် ထိ ထုတ်ချေး ပေးထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ် စိုက်ပျိုးရာသီတွင် ကျပ်ဘီလီယံ ၈၀ ကျော်ထုတ်ချေးပေးမည်ဖြစ်ရာ ၎င်းအထဲမှ ကျပ်ဘီလီယံ ၆၀ ကျော်ကို ထုတ်ချေးပေးထားပြီ ဖြစ်ကြောင်း စစ်တွေ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ပြောကြားသည်။



ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီ အတွက်ဘဏ်ချေးငွေများကို မေလမှ ဖွန်လအထိ ထုတ်ချေးရန် သတ်မှတ်ထားခဲ့သော်လည်း ဇူလိုင်လကုန်အထိ တစ်လသက်တမ်းတိုးမြှင့် ထုတ်ချေးခဲ့သည်ဟု သိရသည်။

နောက်ထပ်လည်း လိုအပ်လာပါက ရခိုင်ပြည်နယ်မှ လယ်သမားများအတွက် ဘဏ်ချေးငွေများကို လိုအပ်လျှင်လိုအပ်သလို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောဆိုသည်။

" အခုလို ရာသီဥတုအခြေအနေကြောင့် ရေကြီးတာတွေ၊ ဘာတွေဖြစ်တယ်ဆိုရင် လိုအပ်လို့ ရှိရင်လည်း ရုံးချုပ်ကိုတင်ပြပြီးတော့ ထပ်မံပြီးတော့ တိုးပြီးထုတ်ပေးနိုင်ရင် တိုးပေးသွားဖို့ အစီအစဉ်တွေလည်း ရှိပါတယ်" ဟု ဦးအေးသိန်းက ပြောသည်။

ထိုကဲ့သို့ အချိန်ကာလ တိုးမြှင့်ပြီး လယ်သမားများကို ထပ်မံ ငွေချေးပေးမည့် အစီအစဉ်ကို ကြိုဆိုကြောင်း လယ်သမားများက ပြောဆိုသည်။

ကျောက်တော်မြို့နယ် ချောင်းတူကျေးရွာမှ လယ်သမားဦးသိန်းထွန်းဦးက " ကာလ တိုးမြှင့်ထုတ်ချေးမယ် ဆိုရင်တော့ အခက်အခဲဖြစ်နေတဲ့အတွက် လယ်သမားတွေ အတွက်တော့ ကောင်းတာပေါ့။ ကျနော့်မှာတော့ ချေးငွေဆပ်ပြီးပြီဖြစ်တဲ့အတွက် ဒီနှစ်အတွက် ဘဏ်ချေးငွေကို ချေးထားပြီဖြစ်ပါတယ်" ဟု ပြောသည်။

ယခင်နှစ်များကထုတ်ချေးထားသည့် ချေးငွေများကိုပြန်မဆပ်သည့်လယ်သမားများအား ဥပဒေ အရ အရေးယူသွားမည်ဖြစ်သော်လည်း လက်ရှိတွင် အရေးယူမှုမရှိသေးဘဲ ချေးငွေများ ပြန်လည် ဆပ်ကြရန် စည်းရုံးကောက်ခံနေရဆဲဖြစ်ကြောင်းလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဆိုသည်။

Link: https://www.bnionline.net/en/news/madb-provides-over-ks-60-billion-loan-over-80000-rakhine-farmers

## ဂျပန်- မြန်မာပူးပေါင်း၍ ရန်ကုန်မြို့ရှိ သူနာပြုသင်တန်းကျောင်းတွင် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်သူ သက်မွေးပညာသင်ကျောင်း ဖွင့်လှစ်မည်

Eleven Myanmar, 3 August 2018

ဂျပန်- မြန်မာ နှစ်နိုင်ငံ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ သူနာပြုသင်တန်းကျောင်းတွင် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်သူ သက်မွေးပညာသင်ကျောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သိရသည်။

သင်တန်းကျောင်းဖွင့်လှစ်ရေးနှင့်ပတ်သက်၍ ဩဂုတ်လ ၁၇ ရက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်နိုင်ငံ Polestar AKIGO Service Co.Ltd တို့ ဆွေးနွေးခဲ့ကြောင်းနှင့် ရန်ကုန်မြို့ရှိ သူနာပြုသင်တန်းကျောင်းတွင် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်သူ သက်မွေးပညာသင်တန်းကျောင်း ( Vocational training school for Elderly Caregiver) ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ သူနာပြုသင်တန်းကျောင်းတွင် သက်ကြီးရွယ်ဆို ကျန်းမာရေးစောင့်ရှောက်သူ သက်မွေးပညာသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားနိုင်ရန် လိုအပ်သော စာသင်ခန်းပြုပြင်မှုများ၊ သင်ရိုးညွှန်းတမ်း၊ သင်ထောက်ကူပစ္စည်းများကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ပူးပေါင်းပြင်ဆင်မည့် အစီအစဉ်များ ၊ သင်တန်းတက်ရောက်ရန် အရည်အချင်းသတ်မှတ်ချက်များ၊ သင်တန်းပြီးဆုံးပါက အရည်အချင်းပြည့်မီသူများသည် ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်ဆိုစောင့်ရှောက်ရေးဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေး အစီအစဉ်များ စသည်တို့ကို ဆွေးနွေးထားကြောင်းနှင့် အဆိုပါသင်တန်းသည် ၆ လတာ အချိန်ပြည့်သင်တန်းဖြစ်ပြီး သင်တန်းတွင် ဂျပန်နိုင်ငံမှ နည်းပြများလည်း မြန်မာနိုင်ငံသို့လာရောက်ကာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ၌ ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းအတွက် မြန်မာလုပ်သားများအမြန်ဆုံးစေလွှတ်ပေးရန် ဂျပန်အစိုးရက မြန်မာအစိုးရကို ကမ်းလှမ်းထားကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

Link: http://www.elevenmyanmar.com/local/14470

## အစိုးရမှ လယ်သမားများအား စပါးအစေ့တင်း ( ၇) သောင်း ကူညီပေးမည်

Myanmar Times, 3 August 2018




ရေကြီးမှုကြောင့် ဆန်စပါးများပျက်စီးသွားသည့် လယ်သမားများကို ကူညီပေးရန်အတွက် အစိုးရမှ စပါးစေ့တင်း ( ၇) သောင်းကျော်ပေးရန် ပြင်ဆင်နေသည်ဟု စိုက်ပျိုးရေးမှ အထက်တန်းအရာရှိတစ်ဦးက ပြောခဲ့သည်။

လွန်ခဲ့သော နှစ်လအတွင်း စပါးဧက သိန်းပေါင်းများစွာသည် ရေကြီးမှုကြောင့် ပျက်စီးခဲ့ရကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လက်ထောက်အမြဲတမ်းအတွင်းဝန်ဖြစ်သူ ဦးမျိုးတင့်ထွန်း၏အဆိုအရ သိရသည်။

အစိုးရက လယ်သမားတွေကို မုတ်သုန်သီးနှံ ပြန်လည် ထွန်ယက်စိုက်ပျိုးဖို့အတွက် အစေ့တွေကို ကူညီပေးပါမယ်”ဟု ၎င်းက ပြောသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏အဆိုရ ဇူလိုင်လ ၂၇ ရက်နေ့တွင် နိုင်ငံတဝန်းရှိ လယ်မြေဧက ၀. ၇ သန်းကျော်ရေလွှမ်းမိုးခဲ့ရပြီး ဧက ၃ သိန်းမှာ ပျက်စီးခဲ့သည်။ တချို့လယ်သမားများမှာ ပျက်စီးသွားသောနမ်းကွင်းများတွင် မုတ်သုံဆန်စပါးကို ယခုအခါ စိုက်ပျိုးနေပြီဖြစ်ပြီး အခြားသောကောက်ပဲသီးနံများကိုလည်း ကြိုးစားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဦးမျိုးတင့်ထွန်းကပြောသည်။

Link: https://www.mmtimes.com/news/govt-readies-70000-baskets-seed-aid-paddy-farmers.html

## ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ အိမ်ထောင်စု ၁ထောင်ကျော်ကို WWF မှ ဆိုလာလျှပ်စစ် ပေးမည်

Eleven Myanmar, 8 August 2018

The World Wide Fund for Nature (WWF) မှ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ ကျေးရွာ ၉ ရွာမှ အိမ်ခြေအလုံး ၁၀၀၀ ကို ယခုနှစ်တွင် ဆိုလာလျှပ်စစ်ပေးရန် စီစဉ်နေသည်ဟု WWF (Myanmar) ၏ စွမ်းအင်ဌာနမှ မန်နေဂျာဖြစ်သူ ရွှန်းစိုဦးက ပြောသည်။




“ ပြည်နယ်နဲ့ဒေသကြီးအစိုးရက စီမံကိန်းကို ဦးဆောင်မယ်ဆိုရင် ကျွန်တော်တို့က အများကြီးပံ့ပိုးပေးမှာပါ။ တနင်္သာရီတိုင်းက ကျေးရွာ ၆ ရွာက အိမ်ခြေ ၇၅၀ခန့်နဲ့ ကရင်ပြည်နယ်က အိမ်ခြေ ၂၅၀ ကို ဆိုလာလျှပ်စစ်တပ်ဆင်ပေးမှာပါ” ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် စွမ်းအင်အမှန်တကယ်လိုအပ်လျှက်ရှိနေပြီး အစိုးရမှ ဦးဆောင်ဦးရွက်ပြုမည်ဆိုလျှင် ၎င်းတို့က ကူညီပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောခဲ့သည်။

ဥရောပမှလာသည့်အဖွဲ့အစည်းများရှိပြီး မြန်မာနိုင်ငံတွင် စွမ်းအင်ပြန်လည်အသုံးပြုနိုင်ရန်အတွက် ဒေါ်လာသန်းပေါင်းများစွာ အကူအညီပေးရန် စီစဉ်နေသည်။ လက်ရှိတွင် WWF ၊ ဆွီဒင်နှင့် ဒိန်းမတ်အစိုးရ၊ စီးပွားရေးနှင့်နည်းပညာကျွမ်းကျင်သူများသည် ငွေကြေးနှင့် နည်းပညာများကို ပံ့ပိုးပေးလျှက်ရှိသည်။

Link: http://www.elevenmyanmar.com/local/14510

## ၂ နှစ်တာ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် စတင်

Mizzima, 9 August 2018

အစ္စရေးသံရုံးနှင့် Tel Aviv Sourasky Medical Centerမှ အစ္စရေးဆရာဝန်များ၏ ပံ့ပိုးကူညီပေးမှုဖြင့် Tag International Development (TAG)၊Rotary Club of Yangon &@Rotary Club of Vashon နှင့် the Pindaya အထွေထွေဆေးရုံတို့သည်




မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးရွာ ၁၃၈ ရွာကို မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်စေရန်အတွက် ရှေ့ပြေးစီမံကိန်းအဖြစ် နို့ရည်တစ်စက် စီမံကိန်းကို ၂နှစ်လုပ်ဆောင်မည်ဖြစ်သည်။

စီမံကိန်းအခမ်းအနားဖွင့်ပွဲကို ပင်းတယအထွေထွေဆေးရုံကြီးတွင် ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး Mr. Daniel Zonshine နှင့်ဆေးရုံတာဝန်ရှိသူများ၊ ပင်းတယမြို့နယ်မှ ဒေသကြီးအစိုးရအရာရှိများ တက်ရောက်ခဲ့ကြသည်။

နို့ရည်တစ်စက်စီမံကိန်းသည် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၁၃၈ ရွာနှင့် ဆေးရုံ ၄ ရုံကို အကျိုးရရှိစေမည်ဖြစ်သည်။ အန္တရယ်ရှိတတ်သောကိုယ်ဝန်နှင့်မွေးဖွားမှုများအတွက် အသက်ကယ်ပစ္စည်းကိရိယာများကို ဆေးရုံများမှ လက်ခံရရှိမည်ဖြစ်သည်။ ဓာတ်မှန်အပါအဝင်အချို့သောပစ္စည်းများကို Tel Aviv Sourasky Medical Center မှ လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံရှိ အစ္စရေးသံရုံးသည် စီမံကိန်းအရာအတွက် သက်ဆိုင်ရာပံ့ပိုးမှုများပေးခဲ့ပြီး သက်ရုံးအနေဖြင့် မြန်မာနိုင်ငံရှိ သင့်လျော်သောဒေသများတွင် အကူအညီများဆက်လက်ပေးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

Link: https://www.bnionline.net/en/news/two-years-maternal-and-child-health-care-program-launched

## <u>ဧရာဝတီတိုင်းအတွင်း ယခုနှစ် ကရင်တိုင်းရင်းသားစာပေ သင်ကြားသူ တစ်သိန်းကျော်ရှိ</u>

Karen Information Center, 10 August 2018

၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အစိုးရ အခြေခံပညာကျောင်းများတွင် ကရင်တိုင်းရင်းသား စာပေသင်ကြားနေသော ကျောင်းသူ/ ကျောင်းသား ဦးရေ ၁၂၃, ၆၉၆ ဦး ရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။



ဧရာဝတီတိုင်းဒေသကြီးအတွင်း ကရင်တိုင်းရင်းသား စာပေသင်ကြားမှုမှာ ယခင်နှစ် ၂၀၁၇- ၁၈ ပညာသင်နှစ်တွင် ၉၁, ၈၇၁ ဦးရှိခဲ့ ရာမှ ယခု စာသင်နှစ်တွင် ကျောင်းသားဦးရေ ၃၀, ၈၂၅ ဦးအထိ တိုးတက်လာခြင်းဖြစ်သည်။

ဧရာဝတီတိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန် ကြားရေး မှူး မန်းသိန်းကျော်က “ ဧရာဝတီတိုင်းမှာ ကရင်လူမျိုး တွေ အများကြီးနေထိုင်ကြတယ်။ အစိုးရကလည်း တရားဝင်ခွင့်ပြုထားတဲ့အတွက်ကြောင့် အခြေခံ ပညာကျောင်းတွေမှာ အနောက်ပိုးကရင်စာပေရော၊ စ ကော ကရင်စာပေကိုရော၊ သင်ကြားမယ့်စာသင် ကျောင်းတွေရော၊ ကျောင်းသူ/ ကျောင်းသားတွေ ရော အရင်နှစ်ကထက် ဒီနှစ်က ပိုများလာတယ် ” ဟု ကေအိုင်စီသို့ ပြောသည်။

ယခုနှစ် ကရင်တိုင်းရင်းသားစာပေ သင်ကြားမှုတွင် ပိုးကရင်စာပေသင်ကြားသည့် စာသင်ကျောင်း ၉၃၄ ကျောင်းမှ ကျောင်းသူ/ ကျောင်းသား ၇၄, ၂၇၄ဦး၊ စကောကရင်စာပေ သင်ကြားသည့် စာသင်ကျောင်း ၆၅၀ ကျောင်းမှ ကျောင်းသူ/ ကျောင်းသား ၄၉, ၄၂၂ဦး နှင့် ပိုးကရင် စာပေသင် ဆရာ/ ဆရာမ ၂, ၂၁၈ ဦး ၊ စ ကောကရင် စာပေသင်ဆရာ/ ဆရာမ ၂၅, ၇၅၄ ဦးရှိကြောင်း ဧရာဝတီတိုင်းပညာရေးမှူးရုံး၏ စာရင်းများအရ သိရသည်။

ယခင် ၂၀၁၇- ၁၈ ပညာသင်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကရင်စာပေသင်ကြားမှုမှာ ပိုးကရင် စာသင်ကျောင်း ၇၂၁ ကျောင်းမှ ကျောင်းသူ/ ကျောင်းသား ၅၂, ၂၀၀ဦးနှင့် ဆရာ/ ဆရာမ ၁, ၄၄၀ဦး၊ စ ကော ကရင် စာသင်ကျောင်း ၅၃၆ ကျောင်းမှ ကျောင်းသူ/ ကျောင်းသား ၃၉, ၆၇၁ ဦး နှင့် ဆရာ/ ဆရာမ ၁, ၂၅၆ ဦးရှိခဲ့သည်ဟု တိုင်းပညာရေးမှူးစာရင်းတွင် ဖော်ပြထားသည်။

ထို့အပြင် ယခုစာသင်နှစ်တွင် တိုင်းဒေကြီးအတွင်း နေထိုင်ကြသည့် အခြားတိုင်းရင်းသားစာပေများလည်း သင်ကြားလျက်ရှိရာ အရှိချင်း တိုင်းရင်းသားစာပေသင်ကြားသူ ၁, ၆၂၂ဦး နှင့် ရခိုင်တိုင်းရင်းသား စာပေ သင်ကြားသူ ၃, ၇၃၆ ဦးရှိကြောင်း သိရသည်။

Link: https://www.bnionline.net/en/news/over-100000-students-study-karen-literature-ayeyarwady-region

## နိုင်ငံတဝန်းရှိ ပြည်သူများအား တစ်မူထူးခြားသော ID နံပါတ်များ ထုတ်ပေးမည်

Eleven Myanmar, 11 August 2018

နိုင်ငံသားနှင့်နိုင်ငံသားမဟုတ်သောသူများကို ခွဲခြားမှုမရှိသော တစ်မူထူးခြားသည့် I D နံပါတ်များကို မြန်မာနိုင်ငံတွင် နေထိုင်သော ပြည်သူအားလုံးကို ထုတ်ပေးမည်ဖြစ်ကြောင်း နေပြည်တော်၌ ဩဂုတ်လ ၁၀ ရက်နေ့တွင် ကျင်းပသည့် လဝကရုံးအစည်းအဝေး တွင် သိရှိရသည်။

ကျွန်တော်တို့ အခုအခါမှာ ယုံကြည်စိတ်ချရသောညီလာခံဝန်ဆောင်မှုအစီရင်ခံစာကို အကောင်အထည်ဖော်နေပါတယ်၊ ဂျပန်နဲ့ အိန္ဒိယလိုပါပဲ၊ ဒီတစ်မူထူးခြားတဲ့ I D နံပါတ်တွေကို ခွဲခြားမှုမရှိဘဲ ထုတ်ပေးမှာပါ။ နောက်ဆိုရင် နိုင်ငံမှာနေထိုင်တဲ့လူအရေအတွက်မှတ်ပုံတင်စာရင်းကို ဆက်လက်လုပ်ဆောင်သွားမှာပါ ဟု ဝန်ကြီးဦးမြင့်ဆွေက ပြောကြားခဲ့သည်။

နိုင်ငံတကာအဆင့်မြင့်မနည်းပညာတွေ အသုံးပြုထားသည့် I D နံပါတ်များသည် တစ်ဦးချင်းအချက်အလက်များ၊ လက်ဗွေ၊ မျက်လုံးနှင့် မျက်နှာဖတ်ခြင်းစသည်တို့ကို အခြေခံထားမည်ဖြစ်သည်။ နောက်တွင် စမတ်ကတ်များ ထုတ်ပေးသွားမည်ဖြစ်သည်။

Link: http://www.elevenmyanmar.com/politics/14531

## လူငယ်မူဝါဒအတွက် မဟာဗျူဟာအစီအစဉ် နိုဝင်ဘာလတွင် အပြီးသတ်မည်

Myanmar Times, 13 August 2018

နိုင်ငံတော်၏ လူငယ်ဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန် ဒီဇိုင်းရေးဆွဲထားသည့် မဟာဗျူဟာအစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အပြီးသတ်ရေးဆွဲနေပြီဖြစ်သည်။

လူငယ်မူဝါဒအတွက် မဟာဗျူဟာအစီအစဉ်ကို ရေးဆွဲပြီးပြီဆိုရင် ဝန်ကြီးဌာနက အကောင်အထည်ဖော်ပါမယ်။ ဒီနှစ်စလုပ်မှာပါဟု ပြည်ထောင်စုဝန်ကြီးဦးဝင်းမြတ်အေးက ပြောသည်။

လူငယ်မူဝါဒအကြမ်းကို ၂၀၁၆ ခုနှစ်ကရေးဆွဲခဲ့ပြီး ယမန်နှစ်ကုန်ပိုင်းတွင် အပြီးသတ်ခဲ့သည်။ နိုင်ငံတော်အတိုင်ပင်ခံမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မဟာဗျူဟာကအရမ်းကို အရေးပါပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အသေးပတ်လုပ်ဆောင်ဖို့လိုအပ်တာပါဟု ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

လူငယ်မူဝါဒအတွက် မဟာဗျူဟာရေးဆွဲရာမှာ ကျန်းမာရေး၊ ပညာရေး၊ မူးယစ်အကြမ်းဖက်တာတွေက အရေးပါတဲ့ကိစ္စတွေဖြစ်ပြီး ကဏ္ဍ ၁၆ ခုထဲမှာ ထည့်သွင်းရေးဆွဲထားပါတယ်။

Link: https://www.mmtimes.com/news/strategic-plan-youth-policy-be-finalized-november.html

## ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့များမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးဆိုင်ရာပံ့ပိုးမှု ပေးမည်

Eleven Myanmar, 13 August 2018

ကျေးလက်နေပြည်သူများ ပိုမိုကောင်းမွန်သော ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုရရှိစေရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့များ ဖြစ်ပေါ်လာစေရန် စီစဉ်နေသည်။

၂၀၁၄ ခုနှစ် နိုင်ငံတဝန်းသန်းကောင်စာရင်းအရ ပျမ်းမျှသက်တမ်းမှာ ၆၆.၈၈ နှစ်ဖြစ်သည်။ ရေရှည်အကျိုးအတွက် ဝန်ကြီးဌာနသည် အခြားသော ကျန်းမာရေးဆိုင်ရာညွှန်းကိန်းများအကြား နိုင်ငံသားများ၏ ပျမ်းမျှသက်တမ်း တိုးမြင့်လာစေရန် ရည်ရွယ်သည်။

ဝန်ကြီးဌာနသည် ရွေ့လျားဆေးဘက်ဆိုင်ရာအဖွဲ့တွင် ပါဝင်မည့် ကျန်းမာရေးဝန်ထမ်းများနှင့်အမျိုးအစားများကို အသေးစိတ်ဆွေးနွေးနေပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအမျိုးအစားများ၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ကွင်းဆင်းမှုအကြိမ်ရေနှင့် ပစ်မှတ်ထားသည့်နေရာဒေသတို့ပါဝင်သည်။ကျေးလက်ဒေသများကို ပိုမိုလွှမ်းခြုံသမှုပြုနိုင်ရန်အတွက် ဝန်ကြီးဌာနသည် ဝန်ထမ်းများရှိသောကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများအကြောင်းကို ပြန်လည်သုံးသပ်ပြီးနောက် လိုအပ်သော အကူအညီများကို ပံ့ပိုးပေးမည်ဖြစ်သည်။

ဝန်ကြီးဌာနသည် ကုတင်ငါးရာဆန့်ပြည်သူ့ဆေးရုံတွင် ဆေးဝါးအမျိုးအစားနှင့် သိမ်းဆည်းမှုများအတွက် ကွန်ပျူတာစနစ်ကို မိတ်ဆက်ပေးခဲ့သည်။

Link: http://www.elevenmyanmar.com/local/14542

## တတိယမြောက်အင်္ဂလိပ်စာသင်ယူမှုစင်တာ ဖွင့်လှစ်

Alliance News, 13 August 2018

Myanmar Strategic Holdings ကုမ္ပဏီသည် ၎င်းတို့၏ တတိယအကြိမ်မြောက် အင်္ဂလိပ်စာသင်တန်းစင်တာကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ စားသုံးသူဦးတည်ထားဆောင်ရွက်သည့်စီးပွားရေးလုပ်ငန်းများမှ ဆော့ဖ်ဝဲရေးသူများနှင့်အော်ပရေတာများက စင်တာသည် ကျောင်းသား ၈၀၀ ကျော်လက်ခံသွားမည်ဟု ပြောခဲ့သည်။

Two Wall Street English learning စင်တာများကို ယမန်နှစ် ဖေဖော်ဝါရီလ နှင့် ဒီဇင်ဘာတွင် ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ကျောင်းသား ၁၀၀၀ ကျော်တက်ရောက်နေကြောင်းပြောသည်။

Link:http://www.lse.co.uk/AllNews.asp?code=iduthsf5&headline=Myanmar_Strategic_Opens_Third_English_Learning_Centre_In_Myanmar

## မွန်ပြည်နယ်၌ ပျက်စီးလယ်ယာတစ်ကေလျှင် မျိုးစပါးတစ်တင်းနှုန်းထောက်ပံ့မည်

Network Media Group, 13 August 2018

မွန်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် လယ်ယာမြေများအတွက် တစ်ကေလျှင် မျိုးစပါးတစ်တင်းနှုန်း ပြည်နယ် အစိုးရက ထောက်ပံ့ပေးမည်ဟု သိရသည်။ဇူလိုင်လအတွင်းက သည်းထန်စွာရွာသွန်း ခဲ့သည့်မိုးကြောင့် မွန်ပြည်နယ်အတွင်း ဩဂုတ် ၇ ရက်အထိစာရင်းအရ မိုးစပါးဧက ၆၅၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီးဧက ၁၇၀၀၀ ခန့် လုံးဝ ပျက်စီးဆုံးရှုံးခဲ့သည်။



သထုံခရိုင်အတွင်းရှိဘီးလင်းမြို့နယ်တွင် ဧက ၁၁၂၀၀ ကျော်၊ ကျိုက်ထိုမြို့နယ်တွင် ဧက ၁၈၀ ကျော်နှင့် သထုံမြို့နယ်တွင် ဧက ၄၆၀၀ ကျော်ရှိသည်ဟု သိရသည်။

" လောလောဆယ် မျိုးစပါးအတွက်ပြည်နယ်အစိုးရ အဖွဲ့ကနေပြီးတော့ သိန်း ၁၀၀၀ ယာယီပေါ့လေ၊ ထုတ်ထားပေးပြီးတော့ မျိုးစပါးအမြန်ဝယ်ယူစုဆောင်းထားဖို့ စိုက်ပျိုးရေးဦးစီးဌာနကိုလမ်းညွှန် ထားတယ်၊ ပြည်နယ် အတွင်းမှာလိုအပ်လာလို့ရှိရင် ပံ့ပိုးပေးနိုင်ဖို့ ထပ်လိုမယ်ဆိုရင်လည်း ထပ်ပံ့ပိုးပေး သွားဖို့ ရှိတယ်၊ တစ်ဧကကိုတစ်တင်းနှုန်းနဲ့ပေါ့" ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေး နှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်း ဌေးက ပြောဆိုသည်။

ပြည်နယ်အစိုးရထုတ်ပေးထားသည့် ငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ရက်ပေါင်း ၉၀ မျိုးစပါး တင်းပေါင်း ၁၁၅၀၀ ကျော် ဝယ်ယူစုဆောင်းထားပြီးတောင်သူများထံအမြန်ဆုံးဖြန့်ဝေပေး နိုင်အောင် ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်ပြောဆိုသည်။၎င်းပြင် တောင်သူလက်ထဲတွင်လည်းမျိုး စပါးတင်းပေါင်း၂၀၀၀၀ နီးပါးရှိနေသည့်အ ပြင်စိုက်ပျိုးရေးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းထားသည့် မျိုးစပါးတင်း ၂၀၀၀ လည်းရှိနေသည့်အတွက် မျိုးစပါးလုံလောက်စွာရရှိ ထားပြီးဖြစ်သည်ဟု ဦးထွန်းဌေးကပြောဆိုသည်။

Link: https://www.bnionline.net/en/news/mon-state-govt-assist-flood-hit-farmlands

## နေပြည်တော်တွင် ဧက ၁, ၀၀၀ ရှိ ဝါးစိုက်ပျိုးရေးဇုန် ထူထောင်မည်

Myanmar Times, 13 August 2018

နေပြည်တော်တွင် ဧက ၁□၀၀၀ ခန့်ရှိ ဝါးစိုက်ပျိုးရေးဇုန်ထူထောင်ပြီး ဝါးထုတ်ကုန်များ အဆင့်မြှင့်တင်မှုဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးသူများအသင်း အတွင်းရေးမှူးဦးကျော်သူက မြန်မာတိုင်း(မ်)ကို ပြောသည်။

ထိုသို့ ဆောင်ရွက်ရန်အတွက် မြေတိုင်းတာခြင်း၊ ဒေသခံဝါးစိုက်ပျိုးသူများ၏ မြေပြုပြင်ခြင်းများဆောင်ရွက်ပြီးဖြစ်ကာ အသေးစိတ်မြေပုံနှင့် တင်ပြလျှောက်ထားရန် လုပ်ဆောင်နေကြောင်း ၎င်းကပြောကြားသည်။ ဝါးစိုက်ပျိုးရေးဇုန်ထူထောင်ပြီးပါက ဒေသခံဝါးစိုက်တောင်သူများကို အသိပညာပေးသွားမည်ဖြစ်ကာ ဝါးအရည်အသွေးကျဆင်းနေသည်ကို ပြန်လည်ပြုပြင်ပြီး ဝါးထွက်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောသည်။

"လုပ်ကိုင်ခွင့်ရပြီဆိုရင် ဒေသခံတွေ ဝါးနဲ့ပတ်သက်ပြီးအသိပညာတွေတိုးလာပြီး ဝါးကရတဲ့ ဝင်ငွေတွေတိုးလာအောင် ကျွန်တော်တို့က လုပ်ပေးသွားမှာပါ။ လက်ရှိမှာတော့ တောင်သူတွေကို ဝါးနဲ့ပတ်သက်ပြီး သင်တန်းတွေပေးတာနဲ့ မြေရရှိဖို့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်"ဟု ၎င်းကပြောသည်။မြန်မာနိုင်ငံတွင် အများစုမှာ သဘာဝအလျောက်ပေါက်သည့် ဝါးတောများကို အမှီပြုလျက်ရှိရာ ဒေသခံတောင်သူများ၊ အစုအဖွဲ့များအနေဖြင့် လုပ်ကိုင်ခွင့် ရပါကမိမိပိုင်ပစ္စည်းကဲ့သို့ သဘောထားကာ ဝါးခုတ်ခြင်း၊ မျှစ်ချိုးခြင်းတို့ကို စနစ်တကျပြုလုပ်လာမည်ဖြစ်သောကြောင့် အရည်အသွေးကောင်းဝါးများ ရရှိလာမည်ဖြစ်ကာ ဝါးထုတ်ကုန်ပစ္စည်းများလည်း နိုင်ငံတကာအဆင့်မီလာပြီး ရာသီဥတုအ ထောက်အကူပြုနိုင်မည့် ဝါးတောများ ပေါ်ပေါက်လာမည်ဟု ဦးကျော်သူက သုံးသပ်ပြောကြားသည်။

ဝါးစိုက်ပျိုးရေးကဏ္ဍတွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ပေးရေးကိုလည်း ပြည်သူ့လွှတ်တော်က အစိုးရကို တိုက်တွန်းကြောင်းကို ဖေဖော်ဝါရီလက ပြုလုပ်သည့် အစည်းအဝေးတွင် အတည်ပြုထားသည်။သစ်တောဦးစီးဌာနသည် သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်း ၂၀၁၇- ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ အကောင်အထည်ဖော်မည်ဖြစ်ကာ ဝါးစိုက်ခင်းများ ပိုမိုဖြစ်ထွန်းလာရေးကိုလည်း အားပေးမည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားထားသည်။

"ပုဂ္ဂလိကသစ်တောစိုက်ခင်းတွေမှာ ကျွန်း၊ သစ်မာအပြင် ဝါးစိုက်ခင်းတွေကို တိုးမြှင့်တည်ထောင်ဖို့အတွက် တွန်းအားပေးပြီးတော့ စည်းရုံးမှာဖြစ်ပါတယ်" ဟု ဝန်ကြီးကပြောသည်။မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၂ စုနှင့် ဝါးမျိုးစိတ် ၁၀၂မျိုး ပေါက်ရောက်လျက်ရှိသည်ဟုသိရသည်။ လက်ရှိ ကမ္ဘာ့ဈေးကွက်အနေအထားအရ ဝါးမှတစ်ဆင့် ကြိတ်သား၊ ပါကေးအခင်း၊ မျက်နှာကြက်၊ ခန်းဆီးစသည့်လူသုံးကုန်ပစ္စည်းများ၊ သဘာဝတည်းခိုခန်း ဆောက်လုပ်ခြင်းနှင့်သွားကြားထိုးတံကဲ့သို့ အိမ်တွင်းအသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေရရှိရေးအတွက် အထောက်အကူပြုနိုင်သည်။ ဝါးထွက်ကုန်များကို တရုတ်၊ ဗီယက်နမ်အပါအဝင် နိုင်ငံတကာသို့တင်ပို့နိုင်ရေးအတွက် ဝါးစိုက်ပျိုးသူများအသင်းအနေဖြင့် ပို့ကုန်သွင်းကုန်ကုမ္ပဏီထူထောင်ရန် စီစဉ်လျက်ရှိသည်။

"ပရိဘောဂတွေအပြင် ဝါးကထွက်လာတဲ့ မီးသွေး၊ ဗင်နီကာ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်စတာတွေကို နိုင်ငံခြားကို ပို့နိုင်အောင် စီစဉ်ထားတာတွေရှိပါတယ်"ဟု ဦးကျော်သူက ပြောသည်။

Link: https://www.mmtimes.com/news/1000-acres-bamboo-cultivation-zone-be-established.html

## စိုက်ပျိုးရေးကဏ္ဍမှ ငွေကြေးအကူအညီ ရရှိမည်




Myanmar Times, 16 August 2018

ကမ္ဘာ့စိုက်ပျိုးရေးနှင့် အစားအစာအဖွဲ့အစည်းမှ မြန်မာနိုင်ငံရှိ အပူပိုင်းဇုန်များတွင် စိုက်ပျိုးရေးစီမံကိန်းအတွက် ငွေကြေးရန်ပုံငွေ ယူအက်စ်ဒေါ်လာ ၂၇ သန်း ချထားပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးလှကျော်ကပြောသည်။ ထိုငွေကြေးရန်ပုံငွေဖြင့် ရေသွယ်ခြင်း၊ ရေတွင်းများတူးခြင်း၊ အဟာရနှင့်ပတ်သက်၍ ပညာရေးခြင်းနှင့် လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းစသည်တို့ပါဝင်မည်ဖြစ်သည်။

စီမံကိန်းကို မကွေးတိုင်းရှိ မြို့နယ် ၅ မြို့နယ်၊ မန္တလေးတိုင်းရှိ မြို့နယ် ၄ မြို့နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းရှိ မြို့နယ် ၅ မြို့နယ်တို့တွင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ လယ်သမားများအတွက် သင်တန်းများပေးခြင်း၊ အရည်အသွေးမီအစေ့များထုတ်လုပ်ခြင်း၊ နမ်းစပါးထုတ်လုပ်ခြင်းစသည်တို့ပါဝင်သည်။

စီမံကိန်းသည် ၇ နှစ်တာ ကာလဖြစ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိဖြစ်သည်။

Link: https://www.mmtimes.com/news/agri-sector-receives-aid-value-chain-financing.html

## ကျွဲ၊ နွားများကို အာမခံထား၍ ငွေချေးယူနိုင်မည်

Myanmar Times, 16 August 2018

မကြာမီကာလ၌ မြန်မာနိုင်ငံတွင် ကျွဲ၊ နွားများကို အာမခံထားနိုင်သော အာမခံစနစ်တစ်ခု ပေါ်ပေါက်လာတော့မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က ကျွဲ၊ နွားအာမခံရှိခဲ့ဖူးရာ ယခု ကျွဲ၊ နွားအာမခံသည် ဆယ်စုနှစ်သုံးခုအတွင်း ပထမဦးဆုံး ပြန်လည်ပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။




မြန်မာ့အာမခံလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စင်ကာပူအခြေစိုက် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ (FinTech) ကုမ္ပဏီဖြစ်သည့် InfoCorp Technologies နှင့် မြန်မာနိုင်ငံအခြေ စိုက် RGK+Z&A Group တို့ပူးပေါင်းပြီး ကျွဲ၊နွားများကို အာမခံထားနိုင်မည့်အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်သည် အာမခံတစ်ခုတည်းအတွက်တင်မကဘဲ အာမခံထားသော ကျွဲ၊ နွားများကို အပေါင်ထား၍ ချေးငွေရယူနိုင်မည့် အစီအစဉ်နှင့်လည်း ချိတ်ဆက်နေသည်။

ကျွဲ၊ နွားများကို အာမခံထား၍ ချေးငွေယူနိုင်မည့် အခွင့်အလမ်းရှိလာမည်ဖြစ်ရာ ကျွဲ၊ နွားများ ပိုင်ဆိုင်သော တောင်သူများသည် ငွေကျပ်သိန်းချီတန်ဖိုးရှိသော ကျွဲ၊ နွားများကို ပိုင်ဆိုင်သော်လည်းအရင်းအနှီးအဖြစ် ငွေကြေးတစ်စုံတစ်ရာ ရယူနိုင်ခြင်းမရှိသော အခြေအနေကို ရှောင်လွှဲလာနိုင်မည်ဖြစ်သည်။

အာမခံထားနိုင်ရန် ကနေဦးအဆင့်တွင် ကျွဲ၊ နွားများ အသိအမှတ်ပြု မှတ်ပုံတင်ခြင်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး InfoCorp Technologies ၏ နည်းပညာကို အသုံးပြု၍ ကျွဲ၊ နွားများကို မှတ်ပုံတင်မည်ဖြစ်သည်။ ကျွဲ၊ နွား တစ်ကောင်ချင်းစီ မှတ်ပုံတင်ရာတွင် ဒစ်ဂျစ်တယ်ချစ်ပ်ပြားတစ်ခုစီ ထည့်သွင်း၍ အသိအမှတ်ပြု မှတ်ပုံတင်ခြင်းကို ပြုလုပ်မည်ဖြစ်သည်ဟု RGK+Z&A Group မှ ဥက္ကဋ္ဌ ဦးဇေယျမွန်က ရှင်းပြခဲ့သည်။မှတ်ပုံတင်ထားသော ကျွဲ၊ နွားများကို မြန်မာအာမခံလုပ်ငန်းတွင် အာမခံထားနိုင်မည်ဖြစ်သည်။ကျွဲ၊ နွားများကို အာမခံထားခြင်းကြောင့် မွေးမြူရေးတောင်သူများက ကျွဲ၊ နွားများနှင့်ပတ်သက်၍ ဆုံးရှုံးမှုများကို အကာအကွယ်ရယူနိုင်မည်ဖြစ်သည်။ ဆက်လက်၍ အာမခံပစ္စည်းဖြစ်သော ကျွဲ၊ နွားအား အပေါင်ထား၍ ဘဏ်မှ ချေးငွေရယူနိုင်မည်ဖြစ်သည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးလျက်ရှိသော်လည်း လုံလောက်မှုမရှိသည့်အတွက် ယခုကဲ့သို့ တောင်သူများ ကျွဲ၊ နွားအာမခံထား၍ ဘဏ်မှချေးငွေယူနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မြန်မာ့အာမခံလုပ်ငန်းက ဆိုသည်။

Link: https://www.mmtimes.com/news/livestock-insurance-be-launched-year-end.html

## မူလတန်းအဆင့် ကယန်းတိုင်းရင်းသားစာပေ သင်ရိုးသစ်ရေးဆွဲ

Kantarawaddy Times , 17 August 2018

မူလတန်းအဆင့် ကယန်းတိုင်းရင်းသားစာပေ Grade-1၊ Grade-2နှင့် Grade-3 အတွက် အတန်းလိုက်သင်ရိုးညွှန်းတမ်းသစ်ကို ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ ကယန်း တိုင်းရင်းသားစာပေ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့အား ဖွဲ့စည်းပြီး စတင်အကောင်အထည်ဖော် ရေးဆွဲ နေသည်။



ယခုလအတွင်း ၄င်းသင်ရိုးညွှန်းတမ်း စာအုပ်ပုံစံအကြမ်းအား ရေးဆွဲရမည်ဖြစ်ပြီး ကယားပြည်နယ်အစိုးရအစိုးရထံ တင်ပြရမည်ဟု ကယန်းတိုင်းရင်းသားစာပေ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ တာဝန်ရှိသူခွန်းလွှီးစီက ပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်ပြီး ခွန်းလွှီးစီက “လောလောဆယ်က Grade-1 ကနေ Grade 3 အထိကို ဒီလအတွင်း အကြမ်းအားဖြင့် ဆွဲကြပေါ့။ ဆွဲပြီးရင် စီမံချက်တင်ဆိုတဲ့ ပုံစံမျိုးပေါ့နော်။ အဲ့တော့ အစိုးရနဲ့

ယူနီဆက်က တတ်နိုင်တဲ့ ဘတ်ဂျက်နဲ့ ကူမယ်ပေါ့။ အဲလိုပြောတော့ ကျနော်တို့က လုပ်နေတာပါ"ဟု ပြောသည်။

လက်ရှိရေးဆွဲနေသည့် သင်ရိုးညွှန်းတမ်းသည် ယခင်က ရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း မြန်မာဖတ်စာအုပ်မှ တိုက်ရိုက်ဘာသာပြန်ထားခြင်းမျိုးမဟုတ်ပဲ ကယန်းတိုင်းရင်းသားများ၏ သီးသန့် သင်ရိုးပုံစံဖြင့် ရေးဆွဲနေခြင်းဖြစ်သည်။

၄င်းမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းထဲတွင် အခြေခံကယန်းအက္ခရာ၊ ကားတွန်းရုပ်ပုံများနှင့် ကယန်းဘာသာဖြင့် အပြန်အလှန်နှုတ်ဆက်သည့် ဝေါဟာရများ ထည့်သွင်းထားကြောင်း ဆိုသည်။

လက်ရှိသင်ရိုးကို သင်ကြားရာတွင် ကလေးများသည် မြန်မာစာတစ်ကြိမ်သင်ထားပြီး ဖြစ်သည့်အတွက် နောက်မှ ကယန်းစာ သင်ကြားရသည့်အတွက် ကလေးငယ်များအတွက် ပို၍လွယ်ကူနေကြောင်း အ. မ. က ဒေါင်ရောက်ကျေးရွာတွင် ကယန်းစာပေ သင်ကြားနေသော ဆရာမဒေါ်ဆိုဖီယာက ပြောပါသည်။

"အခုသင်ရိုးမှာ ကလေးတွေက သူတို့မြန်မာစာနဲ့ အရင်သင်ရပြီးတဲ့အတွက်ကြောင့် နောက်မှ ကယန်းစာနဲ့ ပြန်သင်ရတော့ သူတို့ပိုရလွယ်တယ်၊ သင်ရိုးသစ်ရေးတဲ့ နေရာမှာလည်း ကယန်းစာကို မြန်မာစာကြောင်း နဲ့ တွဲပေးရင် ပိုကောင်းမယ်လို့ ထင်တယ်"ဟု ၎င်းကပြောသည်။

လက်ရှိ သင်နေရသည့်ပုံစံသည် အဆင်ပြေသော်လည်း အနည်းငယ် အခက်အခဲရှိနေကြောင်း ၎င်းကဆိုသည်။

ကယားပြည်နယ်ရှိ ကယန်း၊ ကယား၊ ကယော၊ ယင်းတလဲ၊ ကော်ယော်နှင့် ဂေဘားစသည့် ဌာနေတိုင်းရင်းသား (၆) မျိုး၏ တိုင်းရင်းသားစာပေ သင်ရိုးညွှန်းတမ်းသစ်ရေးဆွဲရန်အတွက် ကယားပြည်နယ်အစိုးရမှ ညွှန်ကြားထားသည်။

ပြည်နယ်တွင်းရှိ ဌာနေတိုင်းရင်းသားများ၏ သင်ရိုးညွှန်းတမ်းများကို Grade-1 မှ Grade-9 အထိ ရေးဆွဲရမည်ဖြစ်သော်လည်း ကယန်းတိုင်းရင်းသားစာပေသင်ရိုးသစ်အတွက် ယခုနှစ်တွင် Grade-1 မှ Grade-3 အထိသာ ရေးဆွဲမည်ဖြစ်သည်။

၎င်းသင်ရိုးညွှန်းတမ်းများကို လာမည့် ၂၀၁၉- ၂၀ ပညာသင်နှစ်တွင် သင်ကြားရန်အလားအလာရှိကြောင်း ခွန်းလွှီးစီက ဆိုသည်။

သို့သော်လည်း အဆိုပါ သက်ရိုးညွှန်းတမ်းများကို ရေးဆွဲရာတွင် အခက်အခဲများလည်းရှိနေသည်ဟု ခွန်းလွှီးစီက " ဆွေးနွေးပွဲတွေ လုပ်လိုရှိရင်လည်း ကိုယ့်အိတ်ကပ်ကိုယ်စိုက်ပြီး လုပ်ကြတယ်။ တကယ်ထိုင်ရေးတဲ့အချိန်မှာ ကိုယ့်အင်အားနဲ့ ကိုယ်ပဲ လုပ်တော့ ငွေရေးကြေးရေးမှာလည်း အခက်အခဲရှိတယ်။ နောက်ပြီးတော့ ပညာရှင်ပေါ့။ ကျနော်တို့ ဆွဲတဲ့အချိန်မှာ အထောက်အကူပြုတဲ့ ပုံတွေပဲဖြစ်ဖြစ်၊ ဒီဇိုင်းအပိုင်းဖြစ်ဖြစ်၊ ကျနော်တို့က အဆင်သင့် မရှိတော့ ဆွဲသာဆွဲတာ လိုချင်သလောက် မသွားဘူးပေါ့နော်" ပြောသည်။

၎င်းသင်ရိုးညွှန်းတမ်းသည် ကယားပြည်နယ်အတွက်သာဖြစ်ပြီး ကယန်းလူမျိုးများနေထိုင်သည့် ကျန်ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ညွှန်ကြားချက်မထွက်သေးကြောင်း ၎င်းက ဆိုသည်။

ထို့ကြောင့် လက်ရှိရေးဆွဲနေသည့် သင်ရိုးညွှန်းတမ်းသည် ကယန်းတစ်ဒေသလုံးအသုံးပြုနိုင်မည့် သင်ရိုးတစ်ခုဖြစ်လာရန် သင်ရိုးညွှန်းတမ်းရေးဆွဲသူများမှ မျှော်လင့်နေကြသည်။

ကယန်းတိုင်းရင်းသားစာပေအား အစိုးရစာသင်ကျောင်းများတွင် ၂၀၁၂- ၁၃ ပညာသင်နှစ်မှ စတင်ပြီး ကျောင်းချိန်ပြင်ပဖြင့် နှစ်စဉ်သင်ကြားခွင့်ရလာခဲ့သည်။

ယခု ၂၀၁၈- ၁၉ ပညာသင်နှစ်အတွက် ကယန်းတိုင်းရင်းသားစာပေအား ကယန်းဒေသအတွင်းရှိ အစိုးရကျောင်း ( ၂၄၀) ကျောင်းတွင် ကယန်းဆရာ၊မ ( ၃၀၀) ခန့်မှ သင်ကြားပေးနေသည်။

Link: https://www.bnionline.net/en/news/new-kayan-curriculum-drafted-primary-level

## မွန်ပညာရေးဌာနက အစိုးရနည်းတူ အရည်အသွေးပြည့်မီသော သင်ရိုးညွှန်းတမ်းအသစ်များ အကောင်အထည် ဖော်ဆောင်နေ

Than Lwin Times, 17 August 2018

နိုင်ငံတော်အစိုးရ၏ ပညာရေး ပြုပြင်ပြောင်းလဲမှုမှာ KG + 12 ဟုခေါ်တဲ့ သင်ကြားမှုနယ်ပယ် ၄ ရပ်နဲ့ ပြည့်စုံတဲ့ သင်ရိုးသစ်များ အဆင့်ဆင့် ပြုပြင်ပြောင်းလဲနေချိန်တွင် မွန်ဒေသ တနံတလျားရှိ မွန်အမျိုးသားကျောင်းများပေါင်း( ၃၀၀) ကျော်တို့ဖြင့် ဦးဆောင်တာဝန်ယူဖွင့်လှစ် ထားသော မွန်ပညာရေးဌာနမှာလည်း အစိုးရနည်းတူ သင်ရိုးညွှန်တမ်းအသစ်များကို ပြီးခဲ့သည့် ၂၀၁၇ ပညာသင်နှစ်ကပင် အကောင်အထည် ဖော်ဆောင် လာခဲ့ကြောင်း သိရသည်။

ယင်းမွန်အမျိုးသားကျောင်းတွင် မိခင်ဘာသာကို အဓိက အခြေခံ၍ သင်ကြားပို့ချသော ကျောင်းများ ဖြစ်၍ လိုအပ်သော မိခင်ဘာသာသင် သင်ရိုးညွှန် တမ်းအသစ်ကို အကောင်အထည်ဖော်နေရခြင်း ဖြစ်ကြောင်းလည်း သိရသည်။

“မိခင်ဘာသာကို အခြေပြုပြီး အရည်အသွေးပြည့်မီတဲ့ သင်ရိုးညွှန်းတမ်းနဲ့ သင်ကြားမှသာ ခေတ်မီတဲ့ ပညာရေးဖြင့် နိုင်ငံတော်ကြီးတည်ဆောက်နိုင်မယ်၊” ဟု မွန်ပညာရေးဌာန၏ ညှိနှိုင်းရေးမှူး ဦးမင်းအောင်ဇေက ပြောသည်။



ယခု အကောင်အထည်ဖော်ဆောင်နေတဲ့ သင်ရိုးအသစ်က အစိုးရနဲ့ ရင်ဘောင်တန်းအောင် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ မွန်အမျိုးသား ပညာရေးပြုပြင်ပြောင်းလဲမှုအတွက်သာ လုပ်ဆောင်နေတယ်လို့လည်း သူက ဆက်ပြောသည်။

သင်ရိုးညွှန်းတမ်းတစ်ခုရေးဆွဲရာတွင် ဘက်လိုက်မှု၊ တရားမျှတမှု၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ရှားစေနိုင်သော သင်ရိုညွှန်းတမ်းကို ရရှိနိုင်မှသာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးစေနိုင်မှာဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့နိုင်ငံမှာ အများနိုင်ငံနည်းတူ ဘက်လိုက်မှုကင်းတဲ့ သင်ရိုးညွှန်းတမ်းများ အမှန်တကယ်လိုအပ်နေပါတယ်။ ဒါကိုအစိုးရဘက်ကလည်း ပြုပြင်မှုတွေ လုပ်နေပါတယ်။ ဒါကြောင့် အစိုးရနည်းတူ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေ အောင်မြင်နိုင်ဖို့ ကြိုးစားနေတာပါ” ဟု သင်ရိုးညွှန်းတမ်း အသစ်ဖော်ဆောင်ရန် အတိုင်ပင်ခံပညာရှင် ဒေါက်တာသိန်းနိုင်က ဆိုပါသည်။

မြန်မာနိုင်ငံ ကျောင်းပညာရေး သင်ရိုးညွှန်းတမ်းတွင် တချို့ဘာသာရပ်မှာ လုံလောက်တဲ့ သင်ပြမှုပုံစံဖြင့် သင်ကြားရန် စီမံထားသော်လည်း လက်တွေ့သင်ကြားနေတဲ့ ဆရာ/ မများက ကျက်မှတ်မှုပုံစံနဲ့သာ သင်ကြားနေကြ၍ ယခုလက်ရှိပညာရေးက ဝေဖန်ခံရမှုများ ရှိနေတယ်ဟု ပြည်နယ်ပညာရေးမှူး( ငြိမ်း) ဦးအောင်မောင်းက အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

“ကျနော်တို့ကျောင်းစစ်သွားတဲ့အခါ ကိုယ်တိုင်ကိုယ်ကျ လိုက်မေးခဲ့ဖူးသည်။ ကျောင်းအတော်များများဟာ အလွတ်ကျက်တာကများပြီး စဉ်းစားဆင်ခြင်တတ်အောင် သင်ပြပေးတာက မရှိသလောက်ရှားတယ်၊ ဒါက သင်ရိုးနဲ့ သက်ဆိုင်နေတယ်လို့လည်း ပြောလို့ရတယ်။” ဟု ဦးအောင်မောင်းက ဆက်ပြောသည်။

မြန်မာ့ပညာရေးစနစ်ဟာ အလွတ်ကျက်မှတ်ပြီး စာမေးပွဲဖြေဆိုတာကို အဓိကစံထားတာကြောင့် စာမေးပွဲကိစ္စအပြင် တခြားလေ့လာမှုနယ်ပယ်တွေဖြစ်တဲ့ အကြောင်းအရာများကို တွေးတောဆင်ခြင်ခြင်း၊ ပတ်ဝန်းကျင်ကို လေ့လာဆန်းစစ် ခြင်းဆိုင်ရာများကို ဆရာများ၌ သာမက မိဘများကပါ စိတ်ဝင်စားမှု အားနည်းနေတာကြောင့် နိုင်ငံတော်အစိုးရက ပညာရေးပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင်နေပါတယ်။

“အခု ပြောင်းလဲနေတဲ့ KG သင်ရိုးကို ကြည့်ပါ။ သင်တန်းတွေ ဘယ်လောက်ပဲ ပို့ချနေပါစေ၊ လက်တွေ့သင်ကြားနေတဲ့ ဆရာ/ မတွေက မိဘများကို ရှင်းပြဖို့ အားနည်းတာကြောင့် မိဘကိုယ်တိုင်ကလည်း စိတ်ဝင်စားမှုမရှိသလောက်ပါပဲ၊ ဒါပေမဲ့ ပထမတန်း၊ ဒုတိယတန်း သင်ရိုးထွက်ရှိလာမှသာ ထင်ထားတာထက် မိဘပြည်သူများက မြန်မာ့ပညာရေးအပေါ် ယုံကြည်မှုတွေ ရရှိလာတော့တယ်” ဟု ဦးအောင်မောင်းက ဆိုပါတယ်။

အဆိုပါ မွန်ပညာရေးဌာန မှ အကောင်အထည်ဖော်ဆောင်နေသည့် သင်ရိုးအသစ်ကို ပြီးခဲ့သည့် ၂၀၁၇ ပညာသင်နှစ်ကပင် စတင်အကောင်အထည်ဖော်ဆောင်လာခဲ့ပြီး ယခုနှစ်တွင် ဒုတိယတန်း ( Grade - 2) သင်ရိုးအသစ်ကို စတင်ရေးဆွဲနေသည့် အဆင့်သို့ရောက်ရှိနေကြောင်းလည်း သိရသည်။

Link: https://www.bnionline.net/en/news/mon-education-department-upgrades-curriculum-parallel-govt

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**<u>ငြိမ်းချမ်းလုပ်ငန်းစဉ် ပြန်လည်သုံးသပ်နိုင်ရေး KNUအနေဖြင့် အရေးပေါ်ကွန်ဂရက်ခေါ်ယူရန် IKO တိုက်တွန်း</u>**

Karen Information Center, 16 August 2018

လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ် ပြင်ဆင်တည့်မတ်သွား နိုင်ရေးအတွက် KNU- ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အရေးပေါ်ကွန်ဂရက်ခေါ်ယူရန် နိုင်ငံတကာ ကရင်အဖွဲ့အစည်း- IKOက တိုက်တွန်းပြောဆိုလိုက်သည်။




အမေရိကန်နိုင်ငံ၊ နီဗရာစကာပြည်နယ်၊ အိုမဟာမြို့တွင် ဩဂုတ်လ ၆ ရက် မှ ၈ ရက်နေ့အထိ ကျင်းပခဲ့သည့် IKO ၏ ဒုတိယအကြိမ် ညီလာခံအပြီး ထုတ်ပြန်သည့် ထုတ်ပြန်ကြေညာချက်၌ ယင်းသို့ တိုက် တွန်းအကြံပြု ထားခြင်းဖြစ်ပြီး အဆိုပါ တိုက် တွန်းအကြံပြုချက်နှင့်ပတ်သက်၍ ပြောခွင့်ရသူ မန်းအော်လန်းဒို က ကေအိုင် စီသို့ ယခုလို ပြောသည်။

"KNU ဥက္ကဌ ကိုယ်တိုင်က ဝန်ခံထားတာရှိတယ်။ ငြိမ်းချမ်းရေး လုပ်တာ ချောတိုင်တက်ရသလိုပဲလို့ ပြောတယ်။ ကျနော်တို့ အပြင်ဘက်မှာ ရော၊ တက်လာတဲ့ကိုယ်စားလှယ်တွေကတော့ ဒီလမ်းကြောင်းက ကရင် တစ်မျိုးသားလုံး မျှော်မှန်းထားတဲ့ လမ်းကြောင်းကို ပို့မှာမဟုတ်ဘူး။ အဲဒါကြောင့် ကွန်ဂရက်ခေါ်ပြီးတော့ ဒီဟာ ကို ဘယ်လိုလုပ်မလဲ။ ဆွေးနွေးဖို့ လိုအပ်လာတယ်။ IKOရဲ့ အသံအပြင် ပြည်သူလူထုတွေရဲ့အသံကို KNU က အလေးထားနားထောင်ပြီးတော့ ရှေ့လုပ်ငန်းစဉ်မှာ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပြီ"ဟု မန်းအော်လန်းဒို က ပြောသည်။

လက်ရှိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်- NCA တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၁၀) ဖွဲ့သာ လက်မှတ်ထိုးထားနိုင်ပြီး ရှေ့ဆက် အဖွဲ့များလာရန် အလားအလာမမြင်ကြောင်း၊ KNU ထိုးထား သည့် NCA စာချုပ်သည် ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားရန် ပြီးပြည့်စုံသည့် စာချုပ်မဟုတ်သလို တိကျ ပြတ်သားသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများလည်း မရှိသည့်အတွက် ယခု NCA လမ်းကြောင်းသည် ရှေ့ဆက် သွားရန် မဖြစ်နိုင်တော့ကြောင်းလည်း မန်းအော်လန်းဒိုက ဆက်ပြောသည်။

ထို့အပြင် KNU အနေဖြင့် အဖွဲ့အစည်းအား ပိုမိုတောင့်တင်း ခိုင်မာလာအောင် အဖွဲ့အစည်း၏ မူဝါဒအပေါ် အခြေခံ၍ စည်းလုံးညီညွတ်မှု ပြန်လည် တည်ဆောက်ရန်၊ အုပ်ချုပ်ရေးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် -KNLAကို ကျစ်လစ်ခိုင်မာအောင် တည်ဆောက်ရန်၊ မဟာမိတ် အဖွဲ့အစည်းများနှင့်ပူး ပေါင်း ဆောင်ရွက်ရန် နှင့် KNU ခေါင်းဆောင်များအနေဖြင့် ကရင်လူထု၏ ချစ်ခင်ရင်းနှီးမှု၊ လေးစားမှု နှင့်ယုံကြည်မှုရ ရှိရေးကို ပြန်လည်တည်ဆောက်ရန်ကိုပါ IKO က အကြံပြုတိုက်တွန်းထားသည်။

ယခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ရက်အထိပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးပွဲတွင် တိုင်းရင်းသားများဆွေးနွေးလိုသည့် ကိုယ်ပိုင်ပြဌာန်း ခွင့်ဆိုင်ရာကိစ္စရပ် များကို မဆွေးနွေးနိုင်သေးဘဲ တိုင်းရင်းသား လူနည်းစုများ၏ ကာကွယ်ခြင်းဆိုင်ရာ အခြေခံမှုများ၊ အခြေခံလူ့ အခွင့်အရေးနှင့် ကျား/မဆိုင်ရာတန်းတူ ညီမျှမှု၊ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ တရားရုံး နှင့် နိုင်ငံသားဖြစ်မှု စသည့်အချက်များကိုသာ ဆွေးနွေးနိုင်မှုမှာ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်တိုးရန် မဖြစ်နိုင်တော့သည့် အရိပ်အယောင်ဖြစ်သည်ဟုလည်း IKO က ရှုမြင်သည်။

အဆိုပါ ကျင်းပပြီးစီးခဲ့သည့် IKO ညီလာခံသို့ အာရှပစိဖိတ်ဒေသ၊ ဥရောပဒေသ၊ အမေရိကန်ပြည်ထောင်စု- ကနေဒါ စသည့်ဒေသ အသီးအသီးရှိ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း (၁၁၀) ဦးတက် ရောက်ခဲ့ ပြီး ၎င်းညီလာခံတွင် ယခင် ပထမအကြိမ်ကျင်းပခဲ့သော ညီလာခံမှ ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များအား ပြန်လည်သုံး သပ်ခြင်း၊ လက်ရှိ မြန်မာနိုင်ငံအတွင်း ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်းစဉ် နှင့် နိုင်ငံရေးဖြစ်စဉ်များအား သုံးသပ်ဆွေးနွေးခဲ့သည်။

နိုင်ငံတကာ ကရင်အဖွဲ့အစည်း -IKO သည် အာရှ- ပစိဖိတ်၊ ဥရောပ၊ မြောက်အမေရိက စသည့်နိုင်ငံပေါင်း ၃၀ ကျော်မှ ကရင်လူမှုအဖွဲ့အစည်းများဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ညီလာခံကို တစ်နှစ်တစ်ကြိမ် ကျင်းပလျက် ရှိသည်။

Link: https://www.bnionline.net/en/news/iko-urges-knu-call-emergency-congress-review-peace-process

## အခြား

**ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ အသုံးအနှုန်း အာဏာပိုင်ခွင့်မပြု၍ ပြောင်းလဲသုံးနှုန်းရ**

Kantarawaddy Times, 10 August 2018

ဩဂုတ် ၉ ရက်နေ့တွင်ကျရောက်သည့် နှစ် ၇၀ ပြည့် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ဟူသော စာသားကို အသုံးပြုခွင့်မရ၍

အဖွဲ့အစည်းပေါင်းစုံ စုပေါင်းဆု တောင်းပွဲ ဟူသော စာတန်းသာ အသုံးပြုခဲ့ရကြောင်း သိရသည်။



ဩဂုတ်လ ၉ ရက်နေ့တွင် ကျရောက်သော နှစ် ၇၀ ပြည့် ကရင်နီအမျိုးသား ခုခံတော်လှန်ရေးနေ့တွင် လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး၏ တွေ့ဆုံ ပြောဆိုမှုကြောင့် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ စာသားကို အသုံးပြုခွင့်မရခဲ့ဟု ဆိုသည်။

ဒီမော့ဆိုမြို့နယ်၊ မြလဲ(ခ)မန်းလား ကျေးရွာတွင် ပြုလုပ်သော ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ အသုံးအနှုန်းအစား အခမ်းအနားတွင် အဖွဲ့အစည်း ပေါင်းစုံစု ပေါင်း ဆုတောင်းပွဲ စသည့် စာတန်းသာ အသုံးပြုခွင့်ရခဲ့သည်။

ကျွန်တော်တို့က နဂိုအတိုင်းစီစဉ်ထားပြီးတော့ ကျွန်တော်တို့ဒီမှာ ပြည်သူလူထုအားလုံးကို ဖိတ်ထားတဲ့ ဖိတ်စာတိုင်းပါပဲ နှစ် ၇၀ မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့အခမ်းအနားပေ့ါ ကျွန်တော်တို့ မုဒ်ဦးမှာ တင်ဖို့စီစဉ်ထားပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် ပြည်နယ်အစိုးရကနေပြီးတော့ အဓိက နယ်လုံတွေပေ့ါ တပ်မတော်တွေပေ့ါ ဒါတွေက ဒီခေါင်းစဉ်တွေမလုပ်ပါနဲ့တဲ့ တခြားခေါင်းစဉ်နဲ့ထိုးပေးပါ ဆိုပြီးတော့ ခေါ်တာပေ့ါ ကျွန်တော်တို့ဖြစ်မြောက်ရေးကော်မတီကို ခေါ်ပြီးတော့ ကြပ်တဲ့သဘောပေ့ါ”ဟု ပွဲကျင်းပရေးကော်မတီ ဥက္ကဌ ဦးချစ်ထွန်း က အခမ်းအနားအပြီးတွင် မီဒီယာများကို ပြောကြားခဲ့သည်။

“ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ “ဟူသော ခေါင်းစဉ်တပ်ခြင်းသည် သမိုင်းအကြောင်းအရာဖြစ်ပြီး ပွဲကျင်းပရာတွင်လည်း တိုင်းပြည်နှင့် ပြည်နယ်ကို နစ်နာစေသော အချက်အလက်များ မပါဝင်ကြောင်း ၎င်းကဆိုသည်။

“ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ဘယ်ပါတီပဲဖြစ်ဖြစ်၊ ဘယ်အစိုးရပဲဖြစ်ဖြစ် ဒီလိုမျိုးနေရာမှာ လူထုနဲ့ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ရှိဖို့တော့လိုပါတယ်။ အဝေးကနေပြီး စာနဲ့ကန့်လန့်တာမျိုး၊ ခြိမ်းခြောက်တာမျိုးတော့ မကောင်းဘူးပေ့ါ”ဟု ဦးချစ်ထွန်းက သုံးသပ်ပြောဆိုသည်။

အခမ်းအနားကို တက်ရောက်သူ ဒေသခံလူငယ်တစ်ဦးကလည်း စာတန်းပြောင်းလဲရခြင်း အကြောင်းအရင်းကို မသိရသော်လည်း ၎င်းအနေနဲ့ စိတ်မကောင်းကြောင်း ဆိုသည်။

“အစကတော့ ထင်တာပေ့ါ ရှေ့မှာရောက်လို့ရှိရင် ကရင်နီခုခံတော်လှန်ရေးနေ့လို့ထင်ခဲ့တာပေ့ါ ဒါပေမယ့် အမှန်တကယ်ရောက်သွားတော့ ကျွန်တော်ဘာတွေလဲဆိုရင် မြင်ရတဲ့အချိန်မှာ တစ်မျိုးခံစားရတာပေ့ါ။ စိတ်မကောင်းဘူးပေ့ါ။ဘာ ကြောင့်သုံးခွင့်မပြုတာလဲ ဆိုတဲ့မေးခွန်းလည်း မေးစရာဖြစ်လာတယ်” ဟု၎င်း၏အမြင်ကို ပြောဆိုသည်။

ယခုနှစ်ပြုလုပ်သော နှစ် ၇၀ ပြည့် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ အခမ်းအနားကို ကရင်နီပြည်တွင်းရှိ အဖွဲ့အစည်းများမှ ပထမဆုံးအကြိမ် စုပေါင်းကျင်းပပြုလုပ်သည့် အခမ်းအနားဖြစ်သည်။ အဆိုပါအခမ်းအနားကို ပြည်တွင်းရှိ လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များနှင့် အဖွဲ့အစည်းများ၊ ကရင်နီပြည်ရှိ တိုင်းရင်းသားပေါင်းစုံများ၊ အရပ်ဖက်အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံတိုင်းရင်းသား များ ပါဝင်တက်ရောက်ခဲ့ကြသည်။

Link: https://www.bnionline.net/en/news/ceremony-changed-title-after-authorities-ban-use-karenni-national-resistance-day

**အာဏာပိုင်များမှ တားမြစ်သော်လည်း ရောဝတီတိုင်းတွင် ကရင်အာဇာနည်နေ့ကျင်းပ**



Karen Information Center, 14 August 2018

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် ကရင့်အာဇာနည်နေ့ကို မကျင်းပနိုင်ရန် မြန်မာအာဏာပိုင်များမှ သတိပေးခြိမ်းခြောက်မှုများရှိနေသော်လည်း ရောဝတီတိုင်းမှ ကရင်ခေါင်းဆောင်များသည် ၎င်းတို့အား လျစ်လျူရှုခဲ့သည်။

မြန်မာအာဏာပိုင်များသည် ၆၈ ကြိမ်မြောက် က

ရင်အာဇာနည်နေ့အထိမ်းအမှတ်ကျင်းပခြင်းအပေါ် ခြိမ်းခြောက်ခြင်းနှင့်တရားစွဲဆိုမှုပြုခြင်း၊ အနှောင့်အယှက်ပေးခြင်းများကြောင့် ဟင်္သာတမြို့နယ်မှ ကရင်ခေါင်းဆောင်များသည် စိတ်ဆိုးကြသည်။

ကရင်ပြည်နယ်ရှိ အခမ်းအနားကျင်းပသည့် တာဝန်ရှိသူများသည် အစိုးရ၏ သတိပေးမှုနှင့်ခြိမ်းခြောက်မှုများကို လစ်လျူရှုကာ ကရင့်အာဇာနည်နေ့ကို ကျင်းပခဲ့သည်။

အာဇာနည်နေ့လှုပ်ရှားမှုများတွင် ကရင်နိုင်ငံတော်သီချင်းသီဆိုခြင်း၊ ကရင်အလံကိုအလေးပြုခြင်း၊ ကွယ်လွန်သူကရင့်အာဇာနည်များကို ဦးညွှတ်ခြင်းနှင့် မြို့နယ်တိုင်းစီမှ ပေးသောလွှမ်းသူပန်းခွေချထားခြင်းများ ပါဝင်သည်။

ဟင်္သာတမှာတော့ အခမ်းအနားကျင်းပတာနဲ့ ပတ်သက်ပြီး “KNU က ပဒိုမန်းငြိမ်းမောင်၊ ကရင်ပြည်သူ့ပါတီက ခေါင်းဆောင်စောကျော်ကြီးတို့ အပါအဝင် ၅ဦးကို ပုဒ်မ ၂၆နဲ့ တရားစွဲမယ်ဆိုတဲ့ အကြောင်းကြားစာ ပို့လာတယ်လို့ ကြားသိရပါသည်။

အခမ်းအနားသို့ မြန်အောင်၊ လေးမျက်နှာ၊ ဇလွန်၊ ဓနုဖြူ၊ မအူပင်နှင့် ဟင်္သာတမြို့နယ် စသည်တို့မှ လူပေါင်း ၁၀၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

Link: https://www.bnionline.net/en/news/despite-official-threats-stop-karen-martyrs-day-it-marches-commemorated-delta-region

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR
The UN Refugee Agency